EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
132 SATHON NUA ROAD, BANGKOK 10500, THAILAND
Tel:(662) 233 2237, 233 7250, 234 4698, 237 7744, Fax:(662) 236 6898

# "တိုက်တွန်းနှိုးဆော်ချက်"

( ၂၀၁၄ ခုနှစ် မေလ ၂၂ ရက် )

ထိုင်းနိုင်ငံတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ထိုင်းစစ်ဘက်မှ ယနေ့ ၂၂-၅-၂၀၁၄ ရက်နေ့ ၁၆း၃၀ နာရီတွင် နိုင်ငံအာဏာကို လွှဲပြောင်းရယူကြောင်း ဒေသဆိုင်ရာ ရုပ်သံသတင်းဌာနများတွင် ၁၇း၃၀ နာရီ၌ ကြေညာခဲ့ပါသည်။

ညနေ ၁၀ နာရီမှ နံနက် ၅ နာရီ အချိန်အတွင်းတွင် အပြင်မထွက်ရ ကာဖျူးအမိန့်ကို သတ်မှတ်ကြေညာထားပါသည်။ သို့ဖြစ်ပါ၍ ထိုင်းနိုင်ငံရှိ မြန်မာနိုင်ငံတော်သူ/ သားများအနေဖြင့် အောက်ဖော်ပြပါ သတိပြုရမည့် အချက်များကို သတိထား ဂရုပြုလိုက်နာကြပါရန် အကြံပြုအပ်ပါသည်-

(၁) အပြင်မထွက်ရ ကာဖျူးအမိန့်အရ သတ်မှတ်ချိန်အတွင်း အဆောက်အဦအတွင်းနေထိုင်၍ အပြင်သို့ သွားလာခြင်းမပြုကြပါရန်၊

(၂) ထိုင်းနိုင်ငံအတွင်း မလိုအပ်ဘဲ နေရာဒေသအသစ်သို့ သွားရောက်ခြင်းမပြုကြပါရန်၊ (နေရာသစ်ဖြစ်၍ အခြေအနေကို မခန့်မှန်းနိုင်သောကြောင့် အချိန်မတွက်ဆနိုင်မည်ကို စိုးရိမ်ရပါသည်။)

(၃) ဆန္ဒပြမှုများနှင့် အခြားသော နိုင်ငံရေးဆိုင်ရာ လှုပ်ရှားမှုများမှ ရှောင်ရှားကြပါရန်၊

(၄) အာဏာပိုင်များ၏ လုံခြုံရေးဆိုင်ရာ သတိပေးညွှန်ကြားချက်များအတိုင်း လိုက်နာကြပါရန်၊

(၅) အရေးပေါ်အခြေအနေကိစ္စရပ်များ(Emergencies)တွင် အောက်ဖော်ပြပါ သံရုံး၏ လိပ်စာ၊ တယ်လီဖုန်းနှင့် ဖက်စ်နံပါတ်များသို့ ဆက်သွယ်ကြပါရန်၊

132, Sathorn Nuea Road
Bangkok, 10500
Tel. : 022344698, 026353847
Fax : 02 236 6898
Email : myanmarembassybkk@gmail.com
Web. : www.myanmarembassybkk.com